# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (ဘယ်လ်ဂျီယံနိုင်ငံ)

ရှင်ကုကူး

### နိဒါန်း

အပြောင်းမြောက်ဆုံးသော ဗိသုကာလက်ရာများ၏အမိမြေ သို့မဟုတ် ဥရောပတိုက်၏ အသည်းနှလုံးဟု တင်စားခေါ်ဝေါ်ကြသော ဘယ်လ်ဂျီယံနိုင်ငံသည် ဥရောပတိုက်၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၁၈၃၀ ပြည့်နှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် နယ်သာလန်နိုင်ငံ၏ အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီး ၁၈၃၉ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ဘယ်လ်ဂျီယံဘုရင့်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ဘယ်လ်ဂျီယံဟူသောအမည်နာမမှာ လက်တင်ဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ ဥရောပသမဂ္ဂကို စတင်တည်ထောင်သည့်နိုင်ငံခြောက်နိုင်ငံထဲတွင် ဘယ်လ်ဂျီယံနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် ဝင်ငွေအားဖြင့်သော်လည်းကောင်း၊ လူနေမှု အဆင့်အတန်းအားဖြင့်သော်လည်းကောင်း၊ ပညာရေးအခြေအနေအားဖြင့်သော်လည်းကောင်း၊ ကျန်းမာရေးအဆင့်အတန်းအားဖြင့်သော်လည်းကောင်း အလွန်မြင့်မားသောအခြေအနေရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ကမ္ဘာပေါ်ရှိနိုင်ငံများထဲတွင် အလုံခြုံဆုံးနှင့် ငြိမ်းချမ်းမှုအရှိဆုံးသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။

### ပထဝီဝင်အနေအထား

ဘယ်လ်ဂျီယံနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှာ မြောက်ဘက်တွင် နယ်သာလန်နိုင်ငံ၊ အရှေ့ဘက်တွင် ဂျာမနီနိုင်ငံ၊ အရှေ့တောင်ဘက်တွင် လူဇင်ဘတ်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် ပြင်သစ်နိုင်ငံတို့ဖြစ်ပါသည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ဧရိယာစတုရန်းကီလိုမီတာပေါင်း ၃၀ ဒသမ ၆၂၅ ကီလိုမီတာကျယ်ဝန်းပြီး ၂၀၁၅ ခုနှစ်စာရင်းများအရ နိုင်ငံအကျယ်အဝန်း၏ သုည ဒသမ ၇၁ ရာခိုင်နှုန်းကို ရေထုက ဖုံးလွှမ်းထားပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ မြို့တော်မှာ ဘရပ်ဆဲလ်မြို့ဖြစ်၍ ဥရောပတိုက်တွင် အလှပဆုံးမြို့ကြီးတစ်မြို့လည်းဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၀၀၀ ကျော်၏ ရုံးချုပ်သည် ဘရပ်ဆဲလ်မြို့၌ အခြေစိုက်လျက်ရှိပြီး ထိုအထဲတွင် ဥရောပသမဂ္ဂနှင့် နေတိုးအဖွဲ့တို့ကဲ့သို့သော အဖွဲ့ကြီးများလည်း ပါဝင်ပါသည်။ ထို့ကြောင့်လည်း ဘရပ်ဆဲလ်မြို့သည် နိုင်ငံတကာသံတမန်ရေးရာနှင့် သတင်းစာဆရာပေါင်းများစွာတည်ရှိသော ကြီးမားသော အသိုက်အဝန်းရှိသည့်မြို့များထဲမှ မြို့ကြီးတစ်မြို့လည်းဖြစ်ပါသည်။

### လူဦးရေနှင့်ဘာသာစကား

၂၀၂၀ ပြည့်နှစ်တွင် လူဦးရေအားဖြင့် ၁၁ သန်းကျော် မှီတင်းနေထိုင်လျက်ရှိပြီး ပြင်သစ်ဘာသာစကား၊ ဂျာမန်ဘာသာစကားနှင့် ဒတ်ချ်ဘာသာစကားတို့ကို ရုံးသုံးဘာသာစကားများအဖြစ် အသုံးပြုလျက်ရှိပါသည်။ ငွေကြေးအားဖြင့် ယူရိုငွေကြေးကို သုံးစွဲပါသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၆၀ ရာခိုင်နှုန်း၊ ဘာသာမဲ့ ၃၁ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာကိုးကွယ်သူ ခုနစ်ရာခိုင်နှုန်းနှင့် အခြားဘာသာကိုးကွယ်သူ နှစ်ရာခိုင်နှုန်းတို့ မှီတင်းနေထိုင်လျက်ရှိပါသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် အခြားနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများကို အမြဲကြိုဆိုလက်ခံလျက်ရှိသောကြောင့် အရောင်အသွေးစုံလင်လှသောလူမျိုးများ အတူယှဉ်တွဲနေထိုင်လျက်ရှိသောနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။



ဘယ်လ်ဂျီယံနိုင်ငံ၏ တည်နေရာပြမြေပုံ

### နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ

ဘယ်လ်ဂျီယံနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၉၃ ခုနှစ်အကြားတွင် နိုင်ငံအနေဖြင့် ပိုမိုထိရောက်သော ဖက်ဒရယ်တည်ဆောက်ပုံစနစ်သို့ ပြောင်းလဲတည်ဆောက်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁ ၌ "ဘယ်လ်ဂျီယံနိုင်ငံသည် လူမျိုးစုများ၊ ဒေသများဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုဖြစ်သည်" ဟု ဖော်ပြထားပါသည်။ ဖက်ဒရယ်အစိုးရနှင့် ဖက်ဒရယ်ပါလီမန်တို့သည် နိုင်ငံရေးရာနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချနိုင်သည့် အထူးသီးသန့်အခြေအနေမျိုးမရှိပါ။ ဒေသများသည် ၎င်းတို့နယ်မြေဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိနေသည့်အတွက်လည်း တိုင်းပြည်၏ခေါင်းဆောင်အုပ်ချုပ်မှုသည် အမျိုးမျိုးသော မိတ်ဖက်အုပ်စုများ၏လက်ထဲ၌တည်ရှိနေသည်ဟု ဆိုနိုင်ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံကို ခရိုင် ၁၀ ခုနှင့် မြူနီစီပယ်ကောင်စီ ၅၈၁ ခုဖြင့်ဖွဲ့စည်းထားရှိပါသည်။

### ဖက်ဒရယ်ပြည်ထောင်စု

ဖက်ဒရယ်အဆင့်သည် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ တရားရေးရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အဆင့် ကျန်းမာရေးဆိုင်ရာအရေးကြီးကိစ္စရပ်များ၊ ပြည်တွင်းရေးရာအရေးကြီးကိစ္စရပ်များကို စီမံအုပ်ချုပ်နိုင်သည့်အာဏာရှိပါသည်။ သို့သော်လည်း အုပ်စုသုံးခုနှင့် ဒေသသုံးခုတို့သည် နိုင်ငံတကာဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်ရန်အာဏာရှိပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ နိုင်ငံရေးမျှော်မှန်းချက်မှာ ဖက်ဒရယ်ပြည်ထောင်စု၊ အုပ်စုများ၊ ဒေသများသည် ၎င်းတို့နှင့်သက်ဆိုင်သည့်အာဏာကို ခွဲဝေကျင့်သုံးလျက် မျိုးဆက်များအကြား သွေးစည်းညီညွတ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ဆောင်ရွက်ရန်ဖြစ်ပါသည်။

### အုပ်စုနှင့်ဒေသများ

တိုင်းပြည်၏အာဏာကို ပြန်လည်ခွဲဝေကျင့်သုံးရာ၌ အုပ်စုနှင့်ဒေသများအား ရပ်တည်ချက်နှစ်ခုဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ပထမရပ်တည်ချက်အနေဖြင့် ၎င်းတို့၏ ဘာသာစကားနှင့်ယဉ်ကျေးမှုပေါ်တွင်အခြေခံ၍ သတ်မှတ်ခဲ့ရာ ဒိန်းမတ်ဘာသာစကားပြောကြသော Flemish အုပ်စု၊ ပြင်သစ်ဘာသာစကားပြောကြသော French အုပ်စုနှင့် ဂျာမန်ဘာသာစကားပြောကြသော German–Speaking အုပ်စုဟူ၍ အုပ်စုသုံးစု ခွဲခြားသတ်မှတ်နိုင်ခဲ့ပါသည်။ ဒုတိယရပ်တည်ချက်အနေဖြင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုမိုရရှိစေရန်အလို့ငှာ ဒေသအားဖြင့် Flemish ဒေသ၊ Walloon ဒေသနှင့် ဘရပ်ဆဲလ်မြို့တော်ဒေသဟူ၍ ဒေသသုံးခုဖြင့် ဖွဲ့စည်းထားရှိပါသည်။

### အာဏာခွဲဝေကျင့်သုံးခြင်း

ဘယ်လ်ဂျီယံနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လက်ရှိဘယ်လ်ဂျီယံနိုင်ငံ၏ဘုရင်မှာ King Philippe ဖြစ်၍ ခုနစ်ဆက်မြောက်ဘုရင်လည်း ဖြစ်ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းအရ ဘုရင်သည် နိုင်ငံတော်၏အာဏာကို တစ်ဦးတည်းချုပ်ကိုင်ထား၍မရသော်လည်း ဝန်ကြီးချုပ်၊ အစိုးရဝန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်နိုင်ပါသည်။ လုပ်ငန်းတာဝန်ဝတ္တရားများကို ထမ်းရွက်ရန်အတွက် ဘုရင်တစ်ပါးအနေဖြင့် ဘယ်လ်ဂျီယံလူမှုအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များနှင့်လည်း ထိတွေ့ဆက်ဆံမှုများကို ပြုလုပ်ရပါသည်။ ဘုရင်၊ မိဖုရားနှင့် တော်ဝင်မိသားစုဝင်များသည် အခြားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခြင်း၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို သွားရောက်ဆွေးနွေးခြင်းနှင့် နိုင်ငံတကာမှ ကျင်းပသောအစည်းအဝေးပွဲများ တက်ရောက်ခြင်း စသည့်ကိစ္စရပ်များကိုလည်း ကိုယ်စားပြုဆောင်ရွက်ပေးရပါသည်။ ပြည်တွင်း၌လည်း နိုင်ငံသားများနှင့် နီးကပ်သည့်ဆက်ဆံရေး တည်ဆောက်နိုင်ရန်နှင့် အများပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းသစ်များကို မြှင့်တင်ပေးခြင်းအားဖြင့် လူမှုအသိုင်းအဝိုင်းများတွင် ပိုမိုပါဝင်လာနိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးရပါသည်။

### ဥပဒေပြုရေးအာဏာ

ဘလ်ယ်ဂျီယံနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာကို ဘုရင်မင်းမြတ်၊ အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်လွှတ်တော်ကိုယ်စားလှယ်များက ပူးတွဲပြဋ္ဌာန်းခွင့်ရရှိထားပါသည်။

### အုပ်ချုပ်ရေးအာဏာ

ဘယ်လ်ဂျီယံနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘုရင်မင်းမြတ်က အုပ်ချုပ်ရေးအာဏာကို ရရှိသကဲ့သို့ အုပ်စုတစ်ခုစီအနေဖြင့်လည်း ၎င်းတို့နှင့်သက်ဆိုင်သော အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးနိုင်ပါသည်။ အောက်လွှတ်တော်ကတင်သွင်းလာသော အမည်စာရင်းကို ဘုရင်မင်းမြတ်က အတည်ပြုခန့်အပ်သည့် ဝန်ကြီးချုပ်သည် ဝန်ကြီးများကောင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရပြီး ညွန့်ပေါင်းအစိုးရ၏ကိုယ်စား ပြည်သူလူထုနှင့်ဆက်သွယ်ဆက်ဆံရသူတစ်ဦးလည်း ဖြစ်ပါသည်။ ဝန်ကြီးများကောင်စီတွင် အဖွဲ့ဝင်အဖြစ် တစ်ဆယ့်ငါးဦးထက်ပိုမို၍ ခန့်အပ်ခြင်းမပြုရပါ။ ဝန်ကြီးချုပ်မှအပ ကျန်သောအဖွဲ့ဝင်များသည် Flemish အုပ်စုနှင့် French အုပ်စုမှကိုယ်စားလှယ်များ အရေအတွက် ညီတူညီမျှပါဝင်ခွင့်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားပါသည်။ တော်ဝင်မိသားစုဝင်များကို ဝန်ကြီးအဖြစ်ခန့်အပ်ပိုင်ခွင့်မရှိပါ။

### တရားစီရင်ရေးအာဏာ

ဘယ်လ်ဂျီယံနိုင်ငံ၏ တရားစီရင်ခွင့်အာဏာကို တရားရုံးများထံသို့ ခွဲဝေထားပြီး တရားရုံးများ၏ ဆုံးဖြတ်ချက်များအား ဘုရင်မင်းမြတ်၏အမည်ကိုသုံး၍ စီရင်ချက်ချမှတ်ပါသည်။

### လွှတ်တော်ဖွဲ့စည်းထားရှိမှုအခြေအနေ

ဘယ်လ်ဂျီယံနိုင်ငံတွင် အောက်လွှတ်တော် (House of Representatives) နှင့်အထက်လွှတ်တော် (Senate) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ အောက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ၁၅၀ ဖြင့် ဖွဲ့စည်းထားရှိပြီး အထက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ၆၀ ဖြင့် ဖွဲ့စည်းထားရှိပါသည်။

စာမျက်နှာ ၁၁ သို့ ☆

> ဘယ်လ်ဂျီယံနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘုရင်မင်းမြတ်က အုပ်ချုပ်ရေးအာဏာကို ရရှိသကဲ့သို့ အုပ်စုတစ်ခုစီအနေဖြင့်လည်း ၎င်းတို့နှင့်သက်ဆိုင်သော အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးနိုင်ပါသည်။ အောက်လွှတ်တော်ကတင်သွင်းလာသော အမည်စာရင်းကို ဘုရင်မင်းမြတ်က အတည်ပြုခန့်အပ်သည့် ဝန်ကြီးချုပ်သည် ဝန်ကြီးများကောင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရပြီး ညွန့်ပေါင်းအစိုးရ၏ကိုယ်စား ပြည်သူလူထုနှင့်ဆက်သွယ်ဆက်ဆံရသူတစ်ဦးလည်းဖြစ်

☆ စာမျက်နှာ ၁၀ မှ

ဘုရင်မင်းမြတ်က တွေ့ဆုံရန် အထူးခေါ်ယူခြင်း မရှိပါက လွှတ်တော်နှစ်ရပ်မှကိုယ်စားလှယ်များသည် နှစ်တစ်နှစ်၏ အောက်တိုဘာလ ဒုတိယပတ်အင်္ဂါနေ့တွင် တွေ့ဆုံကြပါသည်။ လွှတ်တော်နှစ်ရပ်သည် တစ်နှစ်တွင် အနည်းဆုံး ရက်ပေါင်း ၄၀ ခန့် တွေ့ဆုံရမည်ဖြစ်ပါသည်။ အထက်လွှတ်တော်သည် အမြဲတမ်းအဖွဲ့အစည်းတစ်ခုမဟုတ်ပေ။ ဘုရင်မင်းမြတ်သည် လွှတ်တော်ရုပ်သိမ်းရန် ပြောကြားနိုင်သကဲ့သို့ လိုအပ်ပါကလည်း လွှတ်တော်အစည်းအဝေးများ ထပ်မံခေါ်ယူနိုင်သည့်အခွင့်အာဏာရှိပါသည်။ ဘုရင်မင်းမြတ်သည် လွှတ်တော်ကို ခေတ္တရပ်နားခွင့်ရှိသော်လည်း လွှတ်တော်ကို တစ်လထက်ပို၍ ရပ်ဆိုင်းထားခွင့်မရှိသကဲ့သို့ လွှတ်တော်၏သဘောတူညီချက်မရရှိပါက တူညီသည့်အကြိမ်အတွင်းတွင် လွှတ်တော်ကို နောက်တစ်ကြိမ်ထပ်မံရပ်ဆိုင်းထားခွင့်မရှိပါ။

**အောက်လွှတ်တော် (House of Representatives)**

အောက်လွှတ်တော်ကို ကိုယ်စားလှယ်အရေအတွက် ၁၅၀ ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ကိုယ်စားလှယ် ၁၅၀ ကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ မဲဆန္ဒနယ်တစ်ခုတွင် နေထိုင်လျက်ရှိသော အခြေချနေထိုင်သူအရေအတွက်ကို နိုင်ငံ၏လူဦးရေကို ကိုယ်စားလှယ်အရေအတွက် ၁၅၀ ဖြင့်စား၍ရသော စားလဒ်ဖြင့် စား၍ မဲဆန္ဒနယ်တစ်ခုစီအလိုက် ရရှိမည့် ကိုယ်စားလှယ်အရေအတွက်ကို ခွဲဝေသတ်မှတ်ပါသည်။

**အထက်လွှတ်တော် (Senate)**

အထက်လွှတ်တော်ကို ကိုယ်စားလှယ်အရေအတွက် ၆၀ ဖြင့် ဖွဲ့စည်းထားရှိပါသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ၆၀ ကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ပါသည် –

(က) Flemish ပါလီမန်မှ ကိုယ်စားလှယ် (သို့) Brussels–Capital Region ပါလီမန်မှ Dutch ဘာသာစကားဆိုင်ရာအုပ်စုမှ ကိုယ်စားလှယ် ၂၉ ဦး၊
(ခ) French ရွေးကောက်ပွဲဆိုင်ရာအစုအဖွဲ့ ပါလီမန်မှ ရွေးကောက်တင်မြှောက်သူ ၁၀ ဦး၊
(ဂ) Walloon ဒေသ ပါလီမန်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခန့်အပ်သည့်ကိုယ်စားလှယ် ရှစ်ဦး၊
(ဃ) Brussels–Capital Region ပါလီမန်မှ French ဘာသာစကားဆိုင်ရာအုပ်စုမှ ကိုယ်စားလှယ်နှစ်ဦး၊
(င) ဂျာမန်စကားပြောကြသော အုပ်စုဆိုင်ရာ ပါလီမန်ကိုယ်စားလှယ်များမှ ရွေးချယ်ခန့်အပ်သည့်ကိုယ်စားလှယ်တစ်ဦး၊
(စ) အပိုဒ် (က) အရ ရွေးကောက်တင်မြှောက်ခံထားရသည့်ကိုယ်စားလှယ်များမှ ရွေးချယ်ခန့်အပ်သည့်ကိုယ်စားလှယ် ခြောက်ဦး၊
(ဆ) အပိုဒ် (ခ) မှ (ဃ) အထိ ရွေးကောက်တင်မြှောက်ခံထားရသည့် ကိုယ်စားလှယ်များမှ ရွေးချယ်ခန့်အပ်သည့် ကိုယ်စားလှယ်လေးဦး။

**ဥရောပသမဂ္ဂပါလီမန်**

ဥရောပသမဂ္ဂပါလီမန်ကို ဘယ်လ်ဂျီယံနိုင်ငံမှ ကိုယ်စားလှယ် ၂၁ ဦး ပါဝင်ခွင့်ရရှိထားပါသည်။ ဒိန်းမတ်ဘာသာစကားပြောကြသော Flemish အုပ်စုမှ ၁၂ ဦး၊ ပြင်သစ်ဘာသာစကားပြောကြသော French အုပ်စုမှ ရှစ်ဦးနှင့် ဂျာမန်ဘာသာစကားပြောကြသောအုပ်စုမှ တစ်ဦးဟူ၍ ခွဲဝေသတ်မှတ်ထားပါသည်။ ၎င်းကိုယ်စားလှယ် ၂၁ ဦးကို ဥရောပသမဂ္ဂပါလီမန်အတွက် ကိုယ်စားလှယ်နေရာများ ခွဲဝေသတ်မှတ်ခြင်းနှင့် မည်သူရွေးကောက်တင်မြှောက်ခံရသည်ကို ဆုံးဖြတ်ပေးခြင်း စသည်တို့ကို ရွေးကောက်ပွဲဘုတ်အဖွဲ့ (The main electoral board) က တာဝန်ယူဆောင်ရွက်ရပါသည်။ မဲရလဒ်များကို တွက်ချက်ရာတွင် D'Hondt စနစ်ကို အသုံးပြု၍ တွက်ချက်ပါသည်။ အနည်းဆုံးရရှိရမည့်ခိုင်လုံမဲသတ်မှတ်ချက် (Threshold) မရှိပါ။ ပြည်နယ်ရွေးကောက်ပွဲ ဘုတ်အဖွဲ့များသည် နယ်မြေခံမဲရေတွက်ဌာနမှရရှိသော ဥရောပသမဂ္ဂရွေးကောက်ပွဲအတွက် ရလဒ်ပါဝင်သောမှတ်တမ်းများကို Mechelen သို့မဟုတ် Namur တွင်ရှိသော ဥရောပသမဂ္ဂပါလီမန်အတွက် ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲဘုတ်အဖွဲ့ချုပ်ထံသို့ ပေးပို့ရပါသည်။ ရွေးကောက်ပွဲဘုတ်အဖွဲ့ချုပ်သည် ရလဒ်များပါဝင်သောမှတ်တမ်းများ၊ ကိုယ်စားလှယ်နေရာခွဲဝေသတ်မှတ်မှုအခြေအနေနှင့် ကိုယ်စားလှယ်ရွေးချယ်ခံရသည့်ဆုံးဖြတ်မှုများ၊ လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တစ်ခုလုံးအတွက် ကိုယ်စားလှယ်များအစားထိုးဆောင်ရွက်မှုများ စသည်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနထံသို့ ပေးပို့ရပါသည်။

ဘရပ်ဆဲလ်မြို့တော် မဲဆန္ဒနယ်အတွင်း၌ ဥရောပသမဂ္ဂပါလီမန်အတွက် ရွေးကောက်ပွဲကျင်းပပေးသည့် ပြည်နယ်ရွေးကောက်ပွဲဘုတ်အဖွဲ့သည် ဘရပ်ဆဲလ်မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲများကို ကျင်းပပေးရန်နှင့် Mechelen တွင် ဒေရှ့မဲဆန္ဒနယ်ရွေးကောက်ပွဲဘုတ်အဖွဲ့၏ ဥက္ကဋ္ဌတစ်ဦးနှင့် Namur တွင် ပြင်သစ်မဲဆန္ဒနယ်ရွေးကောက်ပွဲဘုတ်အဖွဲ့၏ ဥက္ကဋ္ဌတစ်ဦးတို့အတွက် ရွေးကောက်ပွဲရလဒ်အချုပ်ဇယားတစ်စုံစီ ရေးဆွဲပေးရန် သတ်မှတ်ထားပါသည်။

**ဒေသဆိုင်ရာပါလီမန်များ**

ဒေသဆိုင်ရာပါလီမန်များမှာ Brussels–Capital Parliament၊ Walloon Parliament၊ Flemish Parliament၊ Dutch Community Parliament နှင့် German Speaking Community Parliament တို့ဖြစ်၍ ပါလီမန်ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

**ရွေးကောက်ပွဲလုပ်ငန်းစဉ်များ**

**မဲဆန္ဒရှင်အရည်အချင်းသတ်မှတ်ချက်**

- ဘယ်လ်ဂျီယံနိုင်ငံသားဖြစ်ရမည်။
- အနည်းဆုံးအသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ရမည်။
- ဘယ်လ်ဂျီယံမြူနီစီပယ် လူဦးရေစာရင်းတွင် မှတ်ပုံတင်ထားသူ သို့မဟုတ် သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေကြောင်း မှတ်ပုံတင်ထားသူ။
- တည်ဆဲဥပဒေအရ တရားစွဲဆို၍ အရေးယူခြင်းခံနေရသူ။

မဲဆန္ဒရှင်များအနေဖြင့် မိမိတို့မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်စာရင်း တည်ရှိရာ ဒေသန္တရနယ်တွင်သာ မဲပေးရမည်ဖြစ်ပါသည်။

**မဲဆန္ဒနယ်သတ်မှတ်ခြင်း**

အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် တစ်နိုင်ငံလုံးကို မဲဆန္ဒနယ် ၂၀ အဖြစ် သတ်မှတ်ပါသည်။ မဲဆန္ဒနယ်တစ်နယ်သည် ခရိုင်အုပ်ချုပ်ရေးနယ်မြေတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆက်စပ်လျက်ရှိပါသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်နေရာအရေအတွက် ၁၅၀ ကို မဲဆန္ဒနယ်များ၏ လူဦးရေအရေအတွက်ကိုမူတည်၍ ခွဲဝေပေးပါသည်။ မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ရမည့်နေထိုင်သူအရေအတွက်ကို ဥပဒေသတ်မှတ်၍သော်လည်းကောင်း သို့မဟုတ် ဆယ်နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူ၍သော်လည်းကောင်း သတ်မှတ်ပါသည်။ ထိုမဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ရမည့် နေထိုင်သူအရေအတွက်ကို ဘုရင်မင်းမြတ်က ခြောက်လအတွင်း ကြေညာပေးပါသည်။ ထိုသို့ကြေညာပြီးနောက် သုံးလအတွင်း မဲဆန္ဒနယ်တစ်နယ်တွင် ကိုယ်စားလှယ်အရေအတွက် မည်မျှခွဲဝေရမည်ကို ဘုရင်မင်းမြတ်ကပင်




**ဘယ်လ်ဂျီယံနိုင်ငံတွင် ကျင်းပသောရွေးကောက်ပွဲအမျိုးအစားများ**

| ရွေးကောက်ပွဲ အမျိုးအစား | လွှတ်တော် | ကျင်းပသည့်အချိန် |
|---|---|---|
| ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲ | အောက်လွှတ်တော် | ငါးနှစ်တစ်ကြိမ် |
| ဥရောပသမဂ္ဂလွှတ်တော်ရွေးကောက်ပွဲ | ဥရောပသမဂ္ဂလွှတ်တော် | ငါးနှစ်တစ်ကြိမ် |
| ဒေသဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ | Flemish ပါလီမန်<br>Walloon ပါလီမန်<br>Brussels Capital Region ပါလီမန်<br>ဂျာမန်စကားပြောကြသော အုပ်စုဆိုင်ရာ | ငါးနှစ်တစ်ကြိမ် |
| ပြည်နယ်ဆိုင်ရာရွေးကောက်ပွဲ | ပြည်နယ်ကောင်စီ | ခြောက်နှစ်တစ်ကြိမ် |
| မြူနီစီပယ်ရွေးကောက်ပွဲ | မြူနီစီပယ်ကောင်စီ | ငါးနှစ်တစ်ကြိမ် |

ဆုံးဖြတ်ပေးပါသည်။ မဲဆန္ဒနယ်သတ်မှတ်ခြင်းကို သက်ဆိုင်ရာလွှတ်တော်များက တာဝန်ယူဆောင်ရွက်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းများ အရည်အချင်းသတ်မှတ်ချက်**

နိုင်ငံရေးပါတီများမှဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ –

၁။ ဘယ်လ်ဂျီယံနိုင်ငံသားဖြစ်ရမည်။
၂။ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ရရှိခံစားသူဖြစ်ရမည်။
၃။ အသက် (၂၁) နှစ်ပြည့်ပြီးသူဖြစ်ရမည်။
၄။ ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေချနေထိုင်သူဖြစ်ရမည်။

တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ နောက်ဆုံးအကြိမ်ကောက်ယူထားသော သန်းခေါင်စာရင်းအရ လူဦးရေတစ်သန်းကျော်ရှိသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်ပါက မဲဆန္ဒရှင် ၅၀၀ မှ လက်မှတ်ရေးထိုးထောက်ခံထားသူ၊ လူဦးရေ ၅၀၀၀၀၀ ကျော်ရှိသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်ပါက မဲဆန္ဒရှင် ၄၀၀ မှ လက်မှတ်ရေးထိုးထောက်ခံထားသူ၊ အခြားသောအခြေအနေများ သို့မဟုတ် အနည်းဆုံး ကိုယ်စားလှယ်သုံးဦး နုတ်ထွက်သွားပါက မဲဆန္ဒရှင် ၂၀၀ မှ လက်မှတ်ရေးထိုးထောက်ခံထားသူဖြစ်ရမည်။

**ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ၎င်းတို့နှင့်သက်ဆိုင်သော မဲရုံများတွင်လည်းကောင်း၊ အထူးသတ်မှတ်ထားသော မဲရုံများတွင်လည်းကောင်း၊ Mail ဖြင့်လည်းကောင်း၊ ကိုယ်စားမဲပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ဆန္ဒမဲပေးနိုင်ပါသည်။ နိုင်ငံပြင်ပတွင် အခြေချနေထိုင်သူများ၊ ခရီးသွားရောက်နေသူများအနေဖြင့် ပြင်ပတွင်နေထိုင်သော ဘယ်လ်ဂျီယံမဲဆန္ဒရှင်များ အမျိုးသားမှတ်ပုံတင်ဖြင့် စာရင်းသွင်း၍ သက်ဆိုင်ရာသံရုံးများတွင်လည်းကောင်း၊ ကောင်စစ်ဝန်ရုံးများတွင်လည်းကောင်း၊ Mail ဖြင့်လည်းကောင်း၊ ကိုယ်စားမဲပေးခြင်းဖြင့်လည်းကောင်း ဆန္ဒမဲပေးနိုင်ပါသည်။

**ရွေးကောက်ပွဲစနစ်**

ဘယ်လ်ဂျီယံနိုင်ငံသည် အချိုးကျကိုယ်စားပြုစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင့်သုံးရန်အတွက် ပထမဆုံးမိတ်ဆက်ဆောင်ရွက်ခဲ့သောနိုင်ငံဖြစ်ပါသည်။ ၁၈၉၉ ခုနှစ် အချိုးကျကိုယ်စားပြုစနစ် (D'Hondt စနစ်) ကို စတင်အသုံးပြုခဲ့သည်။ ၁၈၉၉ ခုနှစ် အစောပိုင်းကာလများ၌ Majority System ကိုအသုံးပြုခဲ့ကြသည်။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်နှင့် နိုင်ငံသားများသည် မဖြစ်မနေဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။ အကြောင်းပြချက်ခိုင်လုံမှုမရှိဘဲ မဲပေးရန် ပျက်ကွက်သူများကို မဲဆန္ဒရှင်စာရင်းမှ ထုတ်ပယ်ခြင်းပြစ်ဒဏ်အဖြစ် သတ်မှတ်ပါသည်။ ဆန္ဒမဲလက်မှတ်ဖြင့် မဲပေးခြင်း၊ Electronic Voting Machine ဖြင့် မဲပေးခြင်းစသည့် နည်းလမ်းနှစ်မျိုးဖြင့် မဲပေးနိုင်ပါသည်။

**မဲရေတွက်ခြင်းနှင့်မဲရလဒ်များကြေညာခြင်း**

လွှတ်တော်ရွေးကောက်ပွဲများအတွက်လည်းကောင်း၊ ဒေသဆိုင်ရာနှင့်အုပ်စုဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအတွက်လည်းကောင်း၊ ဥရောပသမဂ္ဂပါလီမန်ရွေးကောက်ပွဲများအတွက်လည်းကောင်း မဲရလဒ်များကိုရေတွက်ရာတွင် မဲရေတွက်သည့်ရုံများကို သီးခြားစီသတ်မှတ်၍ ရေတွက်ကြပါသည်။ မဲရေတွက်ရုံ "အေ"ဟု သတ်မှတ်ထားသောနေရာများတွင် လွှတ်တော်ရွေးကောက်ပွဲများအတွက် မဲလက်မှတ်များကို ရေတွက်ပါသည်။ မဲရေတွက်ရုံ "ဘီ"ဟု သတ်မှတ်ထားသောနေရာများတွင် ဒေသဆိုင်ရာနှင့်အုပ်စုဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲမဲရလဒ်များကိုလည်းကောင်း၊ မဲရေတွက်ရုံ "စီ"ဟု သတ်မှတ်ထားသောနေရာများတွင် ဥရောပသမဂ္ဂပါလီမန် ရွေးကောက်ပွဲရလဒ်များကိုလည်းကောင်း အသီးသီးရေတွက်ပါသည်။ စာမျက်နှာ ၁၂ သို့ ✪

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာ သာသနာ့လင်္ကာရပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မြေမြင့်ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ သုခကာရီကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ချောင်းဒေါင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ နဂါးကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယပရိယတ္တိစာသင်တိုက်သို့လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မင်္ဂလာဒုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး



**မင်္ဂလာဒုံ ဖေဖော်ဝါရီ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး၊ ဒုတိယမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံကျောင်းများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မင်္ဂလာဒုံ အထက(၅)၌ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းပြုလုပ်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်နှင့် ဒုတိယမြို့နယ်ဦးစီးမှူး ဦးအောင်ဆင့်ဆင့်တို့ ဦးဆောင်သည့် ဝန်ထမ်းများက အဆိုပါကျောင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်မည့် ကျောင်းသားကျောင်းသူ ၁၀၆ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ပြီး ကျန်ရှိသည့် မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများ၊ အထက်တန်းကျောင်းခွဲများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မပြုလုပ်ရသေးသော ကျောင်းသား ကျောင်းသူများအား ဆက်လက်ကွင်းဆင်း ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဥာဏ်ဟိန်း

# အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသား ခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၄/ ၂၀၂၂) အား (၂၁-၂-၂၀၂၂)ရက်နေ့မှ (၃၁-၃-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း-၀၉-၄၅၅၇၈၈၀၁၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

✪ စာမျက်နှာ ၁၁ မှ

သက်ဆိုင်ရာရွေးကောက်ပွဲများအတွက် ထိုမဲရေတွက်ရုံ အေ၊ ဘီ နှင့် စီများ၏ နယ်မြေခံမဲရေတွက်ဌာနအသီးသီးတွင် စုစုပေါင်းမဲရလဒ်အချုပ်ကို သတ်မှတ်ထားသည့်ဇယားဖြင့် ရေတွက်မှတ်တမ်းတင်ထားပါသည်။

အဆိုပါ နယ်မြေခံမဲရေတွက်ဌာနတွင် အီလက်ထရွန်နစ်မဲပေးခြင်းစနစ်ကို ကျင့်သုံး၍ မဲရုံတစ်ခုချင်းစီက ပေးပို့လာသောလက်ခံပြေစာများကိုလည်းကောင်း၊ စုစုပေါင်းထုတ်ပေးထားသည့် မဲအရေအတွက်များကိုလည်းကောင်း၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီတစ်ခုချင်းစီကို ပေးထားသည့်မဲအရေအတွက်များကိုလည်းကောင်း နယ်မြေခံမဲရေတွက်ဌာန၏ ခေါင်းဆောင်က ရေတွက်ပါသည်။ နယ်မြေခံမဲရေတွက်ဌာနခေါင်းဆောင်သည် မဲရလဒ်အချုပ်ပါဝင်သောမှတ်တမ်းကို သက်ဆိုင်ရာရွေးကောက်ပွဲနယ်မြေရှိရုံးများသို့ အီလက်ထရွန်နစ်စနစ်ဖြင့် ပေးပို့ပါသည်။ သက်ဆိုင်ရာရွေးကောက်ပွဲနယ်မြေရှိရုံးများသည် ပေးပို့လာသောမဲရလဒ်များကို D’Hondt စနစ်ကို အသုံးပြုတွက်ချက်၍ ကိုယ်စားလှယ်နေရာများကို ခွဲဝေတွက်ချက်ခြင်းနှင့် သတ်မှတ်ခြင်းများကို လုပ်ဆောင်ရန်တာဝန်ရှိပါသည်။

ထုတ်ပေးခဲ့သည့် မဲလက်မှတ်အရေအတွက်၊ မဲလက်မှတ်အလွတ်အရေအတွက်၊ ပျက်စီးနေသည့် မဲလက်မှတ်အရေအတွက်များနှင့် နိုင်ငံရေးပါတီများကို မဲပေးထားသည့်အရေအတွက်များနှင့် ရွေးကောက်ပွဲဆိုင်ရာကိန်းဂဏန်းများကို နယ်မြေခံမဲရေတွက်ဌာနမှ အီလက်ထရွန်နစ်စနစ်ကိုအသုံးပြု၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ လျင်မြန်စွာပေးပို့ပါသည်။ The Federal Public Service Interior သည် ရွေးကောက်ပွဲရလဒ်များကို www.elections2019.belgium.be Portal မှတစ်ဆင့် ပြည်သူများ၊ သတင်းမီဒီယာများနှင့် ကိုယ်စားလှယ်လောင်းများ သိရှိနိုင်စေရန် ထုတ်ပြန်ကြေညာပါသည်။

**အနိမ့်ဆုံးခိုင်လုံမဲသတ်မှတ်ချက် (Threshold)**

ဥရောပသမဂ္ဂရွေးကောက်ပွဲအတွက် အနိမ့်ဆုံးခိုင်လုံမဲသတ်မှတ်ချက်မရှိသော်လည်း လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသဆိုင်ရာနှင့် အုပ်စုဆိုင်ရာရွေးကောက်ပွဲများအတွက် အနိမ့်ဆုံးခိုင်လုံမဲသတ်မှတ်ချက်မှာ ငါးရာခိုင်နှုန်းဖြစ်ပါသည်။

**ဘယ်လ်ဂျီယံနိုင်ငံရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းထားရှိမှု**

ဘယ်လ်ဂျီယံနိုင်ငံတွင် သီးခြားဖွဲ့စည်းထားသည့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း (ရွေးကောက်ပွဲကော်မရှင်) ဟူ၍မရှိပါ။ ဘယ်လ်ဂျီယံနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန၊ တရားသူကြီးများနှင့် မြူနီစီပယ်အာဏာပိုင်များဖြင့် ရွေးကောက်ပွဲကို စီမံခန့်ခွဲပါသည်။ ဖက်ဒရယ်အဆင့်တွင် ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ မဲဆန္ဒနယ်အဆင့်တွင် ရွေးကောက်ပွဲမဲဆန္ဒနယ်ကော်မတီ (Main Electoral Committees of the Constituency–MECCs) ကလည်းကောင်း၊ ခရိုင် (Canton) အဆင့်တွင် မြူနီစီပယ်အာဏာပိုင် ၅၈၉ ဦး၏ အကူအညီဖြင့် ခရိုင်ရွေးကောက်ပွဲကော်မတီ (Canton Electoral Committees–CanECs) ၂၀၉ ဦးဖြင့်လည်းကောင်း၊ မဲရုံဘုတ်အဖွဲ့ (Polling Station Boards – PSBs) ၁၀၇၅၀ ဖြင့်လည်းကောင်း၊ ဒေသန္တရအဆင့်တွင် မဲရေတွက်ရုံပေါင်း ၆၈၀၀ ဖြင့်လည်းကောင်း အသီးသီးဖွဲ့စည်းထားရှိပါသည်။

**နိဂုံး**

ဥရောပတိုက်၏အသည်းနှလုံးဟု တင်စားခေါ်ဝေါ်ကြသောဘယ်လ်ဂျီယံနိုင်ငံသည် စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားသည့် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲများတွင်ကျင့်သုံးသော ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ ဖတ်ရှုလေ့လာနိုင်စေရန်အတွက် ရေးသားတင်ပြလိုက်ရပါသည်။ ။

Ref:


- Electoral Code of Belgium, version of 31th of January 2014.
- Belgium Constitution, March 2021
- The Parliaments of Belgium and their International powers

www.belgium.be
www.ibz.rrn.fgov.be
www.belgium.be/sites/default/files/belgium_at_a_glance_en_lowres.pdf